# နေဝင်းမြင့်၏အမှာစာ

၁

သီရိလင်္ကာနိုင်ငံဖွား ကနေဒါနိုင်ငံသား စာရေးဆရာမိုက်ကယ်အွန်ဒါ့တ်ဂျီး (Michael Ondaatje)၏လက်ရာ အင်္ဂလိပ်လူနာ(The English Patient)ဝတ္ထုကို မြန်မာစာဖတ်ပရိသတ်နှင့် စတင်မိတ်ဆက်ပေးသူမှာ ဆရာမြသန်းတင့်ဖြစ်သည်။ ၁၉၉၈ခုနှစ်ဝန်းကျင်က နွယ်နီမဂ္ဂဇင်းတွင် လစဉ်ဖော်ပြခဲ့သည်။ စာဖတ်ပရိသတ် အထူးစိတ်ဝင်စားခဲ့ကြသည့်အလျောက် လစဉ်စောင့်ဖတ်ခဲ့ကြရသည့်ဝတ္ထုဖြစ်သည်။ သည်စဉ်က ကျွန်တော် ရန်ကုန်မှာရှိနေသည်ဖြစ်၍ ဆရာနှင့်အထိအတွေ့များချိန် ဖြစ်သည်။ ၁၉၉၀မှ ဆရာကွယ်လွန်ခဲ့သည့် ၁၉၉၈ခုနှစ်အထိ နယ်မြို့များသို့ စာပေဟောပြောပွဲခရီးများ အတူသွားခွင့်၊ ဟောပြောခွင့်ရခဲ့သည်ဖြစ်ရာ ကျွန်တော့် အတွက် အကျိုးကြီးလှသောနှစ်ကာလများဖြစ်ခဲ့ရသည်။ ခရီးတွေသွားကြရင်း မီးရထားပေါ်မှာ၊ သင်္ဘောပေါ်မှာ ဟောပြောရမည့်မြို့မှာ၊ ရွာမှာ ဆရာပြောသမျှ စကားတွေကြားခဲ့နာခဲ့ရသည်။ ဆရာက ဘာသာပြန်လက်စ,စာအုပ်အကြောင်းတွေ ကိုလည်း ပြောလေ့ရှိသည်။ မဂ္ဂဇင်းတွေက စည်စည်ဝေဝေထွက်ရှိနေချိန်ဆိုတော့ စာအုပ်လေးငါးအုပ်ကို လစဉ်အလျင်မီအောင် ခွဲဖြန့်ဘာသာပြန်ပေးနေတာကိုပဲ ကျွန်တော်အံ့သြရသည်။ ဆရာက ခရီးတွေလည်းသွားသည်။ ဆရာ့အိမ်ကိုလာရောက် ကြသမျှဧည့်သည်တွေကိုလည်း အပေါ်ထပ်ကဆင်းကာ ဧည့်ခံစကားပြောလိုက် သေးသည်။ တစ်ခါတစ်လေ လက်ဖက်ရည်သွားသောက်ရအောင်ဆရာ ဆိုတော့ လည်းမငြင်းရှာပါ။ စမ်းချောင်းဆရာ့အိမ်မှ တော်တော်လှမ်းသော စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်ကို ကုန်းကြောင်းလျှောက်ကြရင်း စကားတွေပြောဖြစ်ကြသည်။ အပြန်မှာလည်း ကုန်းကြောင်းပါပဲ။ ဆရာဘယ်အချိန်များစာရေးပါလိမ့်။

တစ်ခါတော့ အင်္ဂလိပ်လူနာဝတ္ထုအကြောင်း ကျွန်တော်မေးဖြစ်သည်။ ဆရာကလည်း စိတ်ရှည်လက်ရှည်ရှင်းပြသည်။ သည်ဝတ္ထုကို "ကျွန်တော်ဖတ်လိုက် တော့ကြိုက်သွားတယ်၊ ဒါနဲ့ ကျွန်တော်ပြန်လိုက်တာ၊ ကျွန်တော်ကဘာသာမပြန်ခင် အစအဆုံးဖတ်တယ်၊ ဘာသာပြန်မယ့်စာအုပ်ကအတွဲလိုက်ဖြစ်နေရင်လည်း တစ်တွဲတော့ ပြီးအောင်ဖတ်လိုက်တယ်။ ဖတ်ရင်းကစိတ်ထဲမှာဘယ်လိုပြန်မယ်၊ ဘယ်လိုသုံးမယ်တွေးပြီးသား..."လို့ ပြောဖူးသည်။ ကျွန်တော် ဆရာ့ကိုငေးကြည့်နေမိ သည်။ ဆရာပြောတာကိုလည်းမှတ်မိပါသည်။

"မိုက်ကယ်အွန်ဒါ့တ်ဂျီးရဲ့ အင်္ဂလိပ်လူနာက ဇာတ်အရတော့ရှင်းတယ်။ လူလေးယောက် ဂေဟာကြီးတစ်ဆောင်တည်းမှာဆုံကြရာက မတူကွဲပြား တဲ့ဘဝလေးခုကို ရေးသွားတာပဲ။ သည်ဝတ္ထုရဲ့ Protagonist (ဦးဆောင် ဇာတ်ရုပ်)က အင်္ဂလိပ်လူနာ။ တစ်ကိုယ်လုံးမီးလောင်ခံထားရတဲ့လူနာ၊ သည်လူနာကိုပြုစုစောင့်ရှောက်ပေးတဲ့ကနေဒါနိုင်ငံသူစစ်သူနာပြုမိန်းကလေး။ သည်ဂေဟာကို နောက်ထပ်ရောက်လာတဲ့ကာပါးလ်ဆင်း(ကစ်)ဆိုတဲ့ ပန်ဂျာဘီဆစ်ခ် စစ်အင်ဂျင်နီယာကလေး။ နောက်တစ်ယောက်ကသူနာပြု ဆရာမလေးရဲ့ဖအေနဲ့ရင်းနှီးခဲ့ဖူးသူ ကာရာဗက်ဂျီယို။ စစ်ကြီးအတွင်း သူတို့လေးယောက်က ဗုံးထိထားတဲ့သီလရှင်ကျောင်းပျက်ကြီးမှာဆုံကြတာ။ သည်ကျောင်းပျက်မှာ နာဇီတပ်ကတပ်စွဲခဲ့ဖူးတယ်။ နောက်တော့မဟာ မိတ်တွေကယာယီဆေးရုံအဖြစ်သုံးခဲ့ကြတဲ့ဂေဟာပျက်။ ဒါကတော့ ဇာတ်ပေါ့ဗျာ... ကျွန်တော်အာရုံကျတာကအဖွဲ့အနွဲ့။ သည်အင်္ဂလိပ်လူနာရဲ့ စိတ်စီးဆင်းမှုအရ ထုံ့ပိုင်းထုံ့ပိုင်းပြောတာမျိုးနဲ့ဖွဲ့သွားတာ။ သူသတိရသလို ပြောနေတာဆိုတော့ အတိတ်ကိုရောက်လိုက် ပစ္စုပ္ပန်ကိုရောက်လိုက် လွန်းထိုးနေတာ။ ဒါကို သီကြိုးထားပြီးဇာတ်ရုပ်တွေနဲ့မွှေထားတာပါ။ သည်အတတ်ပညာကိုဖတ်ရင်းက ကျွန်တော်ဘဝင်ကျနေတာပဲ။ ကျွန်တော့် စိတ်ထဲနည်းနာအရ ဆန်းသစ်တယ်ထင်တယ်..."

သည်မူရင်းစာအုပ်(ဆရာကိုယ်တိုင်ကိုင်ကာဘာသာပြန်ခဲ့သည့်မူရင်းစာအုပ်) ၁၉၉၈ ခုနှစ် ဆရာကွယ်လွန်ပြီးနောက်ပိုင်း ကျွန်တော့်လက်ဝယ်ရောက်လာလိမ့်မည်မထင် ခဲ့။ ဆရာ့မိတ်ဆွေအမျိုးသမီးတစ်ယောက်၏လက်ရေးဖြင့် "ဆရာမြသန်းတင့်အတွက်" လို့ စာမျက်နှာအဖွင့်မှာရေးထားသည်။ အမည်နှင့်လက်မှတ်ပါရက်စွဲက ၁၉၉၇ မေလ။ သည်စာအုပ်ကိုမြင်ရတိုင်း ဆရာကိုသတိရသည်။

၂

၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဆရာကွယ်လွန်သည်။ အင်္ဂလိပ်လူနာဝတ္ထုကို ဖော်ပြလက်စ နွယ်နီမဂ္ဂဇင်းကလည်း ဆက်လက်မဖော်ပြ နိုင်ဘဲ ရပ်သွားခဲ့သည်။ စာအုပ်ဈေးစာအုပ်တိုက်က လုံးချင်းအဖြစ် အပြည့်အစုံ ထုတ်ဝေရန်စီစဉ်ခဲ့သည်။ ဆရာ့မိသားစု၏သဘောတူညီချက်အပါအဝင် ဆရာနတ်နွယ်၊ ဆရာမောင်မိုးသူ စသောဘာသာပြန်စာရေးဆရာများနှင့်တိုင်ပင်သည်။ နောက်ဆုံးတော့ ဆရာအားလုံးကတိုက်တွန်းကြသည့်အတွက် ကျွန်တော့်ထံ ရောက်လာခြင်းဖြစ်သည်။ (ဆရာမြသန်းတင့်ပြန်ဆိုပြီးသားတစ်ဝက်စာနှင့် တွဲဖက်ကာ ကျန်အပိုင်းကို ဘာသာပြန်ပေးရန်ဖြစ်သည်)ကျွန်တော် လက်မခံဝံ့ပါ။ အတန်တန်လည်းငြင်းခဲ့ပါသည်။ ဆရာ့လက်ရာနှင့်တစ်ဝက်စီတွဲရမှာဆိုတော့ သစ်ကောင်းနှင့်ဝဆွေး(ဝါးဆွေး)စရွေးစွပ်တာနှင့်တူရော့မည်။

တစ်ဖက်ကလည်းမူရင်းဝတ္ထုကို ကျွန်တော်ဖတ်ချင်စိတ်ရှိနေပြန်ပါ၏။ ထိုခေတ်ကာလတွေတုန်းက အင်္ဂလိပ်ဘာသာစာအုပ်စာတန်းများပါးရှားသည်။ အင်္ဂလိပ်ဝတ္ထုတစ်အုပ်လက်ဝယ်ရောက်ဖို့ ခဲယဉ်းသည်။ သံရုံးဝန်ထမ်းများ၊ ဧည့်ကြို များ၊ ဟိုတယ်များ(နိုင်ငံခြားသားများက ဖတ်ပြီးထားခဲ့တာကိုကောက်ရခြင်းဖြစ်သည်) လေယာဉ်ဝန်ဆောင်မှုနှင့်ဆက်နွယ်သူများ၊ စာအုပ်ဟောင်းရောင်းသူများထံမှ ရှားရှားပါးပါးရနိုင်တာလောက်သာရှိသည်။ ဆရာ့ကိုတော့နိုင်ငံ၏ထင်ရှားသော စာရေးဆရာအဖြစ် လေးစားကြသည့်အလျောက် နိုင်ငံရပ်ခြားရောက်မိတ်ဆွေများက လက်ဆောင်ပေးကြသည်။ တကန်တကဝယ်လာကြသည်။ သံရုံးတွေကပေးကြ သည့် Soviet Literature, Chinese Literature, စသည့်ဝတ္ထုနှင့် အက်ဆေးများပါ တတ်သည့်စာပေမဂ္ဂဇင်းတွေကိုတော့ ဆရာဖတ်ပြီးလို့အကြောင်းဆိုက်လျှင် ကျွန်တော့်ကိုပေးလေ့ရှိသည်။

"SLမှာ ချင်းဂစ်စ်အိတ်တမားတော့ဗ်ရဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါတယ်ဗျ...White rain ဆိုတာ...."

ဆရာက ညွှန်းလည်းညွှန်းသည်။ ဘာသာလည်းပြန်စေချင်ပုံ။ သည်လိုနဲ့ ၁၉၉၈ ခုနှစ်ထဲမှာပဲ အင်္ဂလိပ်လူနာဝတ္ထု၏ကျန်တစ်ဝက်စာကို ကျွန်တော်ဘာသာပြန်ဖြစ် ခဲ့ပါသည်။ ထုတ်ဝေသူက စာစီပေးထားသော ကွန်ပျူတာစာမူ။ ၁၉၉၈ခုနှစ်က ဆိုတော့ ၂၄နှစ်ပင်ရှိခဲ့သည်။ ထိုစဉ်ကပင် ဆရာ့ရေးဟန်၊ ဆရာ့အယူအကောက်၊ ဆရာ့အသုံးအနှုန်း၊ ဆရာ့စကားပြေ။ ဘယ်လိုမှမီနိုင်စရာမရှိသော်ငြား ဆရာ့ကို လေးစားစိတ်၊ ချစ်စိတ်ဖြင့် တတ်စွမ်းသမျှပြန်ဆိုခဲ့ခြင်းဖြစ်သည်။

၃

၂၀၂၀၊ ၂၀၂၁ ခုနှစ်များ။ ဟောပြောပွဲတွေ ရပ်သွားခဲ့သည်။ ကိုဗစ်၁၉ ရောဂါတွေထကြွလာသည်။ ပြီးတော့နိုင်ငံရေး။ အိမ်မှာအနေများလာတော့ စာအုပ်ပုံးတွေကို ဖွဖြစ်ရာက အင်္ဂလိပ်လူနာတစ်ခြမ်းစာ ကွန်ပျူတာစာမူဟောင်းကို ပြန်တွေ့သည်။ မူရင်းစာအုပ်ကလည်းရှိနေသည့်အလျောက် ရှေ့တစ်ခြမ်းကိုပါပြန်ဆို ဖြစ်ခဲ့သည်။

စစ်ကြီးပြီးတော့မည်။ အီတလီစစ်ခွင်မှ မဟာမိတ်တပ်တွေမြောက်ပိုင်းကို ရွှေ့နေကြပြီ။ နာဇီဂျာမန်တွေ စစ်ဆုတ်နေကြပြီ။ ဆန်ဂျီရိုလာမို ယာယီစစ်ဆေးရုံ ဟောင်းက ဆေးဝန်ထမ်းတွေပါ မဟာမိတ်တပ်များနှင့်အတူ ပီဆာမြို့ဆေးရုံတွေဆီ ပြောင်းနေကြပြီ။ စစ်သူနာပြုဟာနာက မလိုက်လိုကြောင်းငြင်းသည်။ ကြွေလုလု မီးလောင်လူနာကို မထားရက်ခဲ့။ အားလုံးကတပါတည်းလိုက်ခဲ့ရန်ခေါ်ကြသည့် ကြားက အင်္ဂလိပ်လူနာနဲ့အတူ နေရစ်ခဲ့ခြင်းဖြစ်၏။ ရေရှား၊ မီးပျက်။ စိုက်ခင်း ကလေးစိုက်ပျိုးကာမလောက် ခြိုးခြံနေရသည့်ရက်များ။

အင်္ဂလိပ်လူနာ၊ ကနေဒါနိုင်ငံသူစစ်သူနာပြု ဟာနာ။ ဗုံးဒဏ်ကြောင့် ပျက်စီးခြင်းလေးပါးဆိုက်နေသည့်သီလရှင်ကျောင်းဟောင်း၊ ယာယီဆေးရုံဟောင်း ဆန်ဂျီရိုလာမိုဂေဟာ။ သည်ဂေဟာကြီးသို့ လူယောကျ်ားနှစ်ယောက်ထပ်ရောက် လာသည်။ တစ်ယောက်က ဆစ်ခ်(ပန်ဂျာဘီ)လူမျိုး အိန္ဒိယတိုက်သားလက်ဖတင်နင် ကာပါးလ်ဆင်း(ကစ်)။ သူက အင်္ဂလိပ်စစ်တပ်၏ရွေးချယ်ခြင်းခံရသော စစ် အင်ဂျင်နီယာ။ အင်္ဂလိပ်ဗုံးရှင်းလင်းယူနစ်တွင်မဲပေါက်ကွဲသေးသည့်ဗုံးမြုံများကို ဖျက်သိမ်းရှင်းလင်းရသူ။ နောက်တစ်ယောက်က ကာရာဗက်ဂျီယို။ စစ်သူနာပြု ဟာနာ၏ဖခင်နှင့် ကနေဒါတွင်နေခဲ့ကြစဉ်က လူရင်းမိတ်ဆွေဟောင်း။ အီတာလျံ ကနေဒါသူလျှို။ ၁၉၃၀နောက်ပိုင်း အင်္ဂလိပ်ဖက်ကနိုင်ငံခြားထောက်လှမ်းရေးဟောင်း။ စစ်ကြီးအတွင်းဘဝစုံခဲ့သူ။

အင်္ဂလိပ်လူနာ၏ ဘဝဖြတ်သန်းမှုထဲက ဆွတ်ပျံ့ဖွယ်အချစ်ဇာတ်လမ်း၊ သဲကန္တာရလူမျိုးစုများ၊ သဲကန္တာရရှာဖွေစူးစမ်းမှု၊ အင်္ဂလန်နိုင်ငံပထဝီဝင်အသင်းကြီး သဲကန္တာရအတွင်း ပျောက်ဆုံးခဲ့သည့်ရေထွက်များ၊ အိုအေစစ်များ၊ ၁၉၄၅ခုနှစ် ဟီရိုရှီးမားနှင့် နာဂါဆာကီ။

မိုက်ကယ်အွန်ဒါ့တ်ဂျီး၏ အင်္ဂလိပ်စကားပြေအထုံးအဖွဲ့ကြားက လွမ်းမောဖွယ် ဇာတ်လမ်းသည်ရှင်သန်နေသည်။ ဝတ္ထုသဘောအရ ဖြစ်ရပ်မှန်ဖြစ်စေ၊ စိတ်ကူး ဖန်တီးမှုဖြစ်စေ၊ စာရေးဆရာ၏ ဉာဏ်ပါရမီအလျောက်၊ အနုပညာအလျောက် လွမ်းလောက်သည့်ဝတ္ထုဟုဆိုချင်သည်။ ၁၉၉၆ခုနှစ်က သည်ဝတ္ထုကိုရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရာ အော်စကာဆု ၉ဆု ဆွတ်ခူးနိုင်ခဲ့သည်။

အင်္ဂလိပ်လူနာဝတ္ထုကို ပညာရှင်များက အကဲဖြတ်သည့်အခါ အမျိုးသား သရုပ်အမှတ် (National Identity)၊ စစ်၊ အချစ်နှင့်ကြေကွဲမှုတွေကို ညွှန်းသည်။ အမျိုးသားသရုပ်အမှတ်နှင့် စပ်လျဉ်း၍ ဝတ္ထု၏ပင်မဇာတ်ကောင်၊ ကောင့်လတ်ဇလိုဒီ အယ်လ်မာရှီ၏စရိုက်ကိုထောက်ပြကြသည်။ ဒုတိယကမ္ဘာစစ်ကာလနောက်ခံအတွင်း ဇာတ်ကောင်၏ရပ်တည်ချက်ကို ဝေဖန်ခဲ့ကြသည်။ သူက ဟန်ဂေရီလူမျိုး၊ ဂျာမန်စစ်ဗိုလ်ချုပ် ရွမ်းမဲလ်၏ အားထားခြင်းခံရသော သဲကန္တာရကျွမ်းကျင်သူ သူလျှို၊ အင်္ဂလိပ်လူမျိုးအဖြစ် ဇာတ်မြှုပ်ချင်သူ။ ဒါကိုသမိုင်းရေးအရ သစ္စာမဲ့သူ အဖြစ် အမျိုးသားသရုပ်အမှတ်ကွာကျခြင်းကို ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

၄

ဝတ္ထုဘာသာပြန်ရာ၌ အင်္ဂလိပ်စာပေဝတ္ထု အဖတ်အရှုများသော ချစ်သမီး ဖွေးကို ကျေးဇူးတင်ရပါသည်။ အထူးသဖြင့် ဆုပ်ဖမ်းရန်ခက်သည့် ဝေါဟာရများ၊ အနက်ဖွင့်ချက်များတွင် နေ့ညဥ့်မရွေးဆွေးနွေးပေးခြင်းအတွက် အားကိုးရသူဖြစ်သည်။ ဆရာညီပုလေး၊ ဆရာအောင်မြင့်ဦး(လူထုစာကြည့်တိုက်)၊ မသစ်သစ်စံ၊ ကိုစည်သူဝင်း+မနေဇာဝင်း(လမ်းသစ်အော့ဖ်ဆက်)မိသားစု၊ မသူဇာဝင်း(လမ်းသစ် ကွန်ပျူတာ)၊ ကိုဝင်းချို+မချိုချိုအေး (ရှုဝံစာပေတိုက်)၊ ဒီဇိုင်းဖွဲ့ပေးသူ တော်တီဆွေနှင့် တကွ အစဉ်တစိုက်မေတ္တာပြုကြသော စာဖတ်သူများကိုလည်း မမေ့မလျော့ကျေးဇူး တင်ပါကြောင်းဖော်ပြအပ်ပါသည်။

**နေဝင်းမြင့်**

၂၃ မေ ၂၀၂၂၊ မန္တလေး